JUSTICE FOR MYANMAR

# သတင်းထုတ်ပြန်ချက်

**ဩဂုတ် ၂၈၊ ၂၀၂၂ - မြန်မာ**

## Informa ဖက်စပ်လုပ်ငန်းက စီစဉ်တဲ့ လက်နက်ပြပွဲကို အကြမ်းဖက်မြန်မာစစ်အုပ်စုအား ဖိတ်ကြားထား

## အဆိုပါအခမ်းအနားမှ မြန်မာစစ်ကောင်စီကို ပိတ်ပင်ဖို့ Informa ကို JFM တောင်းဆို

ဩဂုတ် ၂၉ ရက်ကနေ စက်တင်ဘာ ၁ ရက်နေ့အထိ ဘန်ကောက်မြို့မှာ ကျင်းပမယ့် Tri-Service ကုမ္ပဏီရဲ့ အာရှကာကွယ်ရေးနဲ့ လုံခြုံရေးဆိုင်ရာပြပွဲ၊ ညီလာခံနဲ့ ကွန်ယက်ချိတ်ဆက်မှု အခမ်းအနား ကို အကြမ်းဖက်မြန်မာစစ်တပ်အား ဖိတ်ကြားထားပါတယ်။

“၂၀၂၂ အာရှဒေသကာကွယ်ရေးနဲ့လုံခြုံရေးဆိုင်ရာပြပွဲ” တက်ရောက်မည့်သူတွေရဲ့ ကိုယ်ရေးအချက်အလက်ဖော်ပြချက်မှာ “ကာကွယ်ရေးဝန်ကြီးဌာနများနှင့် ဌာနကြီးများ၊ ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့မှ အဆင့်မြင့်အရာရှိကြီးများ” လို့ ဖော်ပြထားပြီး၊ အဲ့ဒီစာရင်းမှာ မြန်မာနိုင်ငံကို တက်ရောက်မယ့်နိုင်ငံတွေထဲက တစ်နိုင်ငံအဖြစ် ထည့်သွင်းဖော်ပြထားပါတယ်။

၂၀၂၂ ကာကွယ်ရေးနဲ့ လုံခြုံရေးဆိုင်ရာပြပွဲမှာ စစ်လက်နက်ရောင်းချမှုပြပွဲ၊ ဆွေးနွေးပွဲတွေ၊ နည်းပညာတင်ပြဆွေးနွေးမှုတွေနဲ့ လက်တွေ့သရုပ်ပြမှုတွေ ပါဝင်ပြီး၊ ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ပံ့ပိုးကူညီထားတယ်။ အဲ့ဒီညီလာခံရဲ့ ဝဘ်ဆိုဒ်မှာ အာဆီယံကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးပူးပေါင်းဆောင်ရွက်မှုကို အခမ်းအနားရဲ့ တစိတ်တပိုင်းအဖြစ် ဖော်ပြထားပြီး၊ ယင်းက အကြမ်းဖက်မြန်မာစစ်တပ်ပါဝင်တဲ့ အာဆီယံအစီအစဉ်တစ်ရပ် ဖြစ်တယ်။

၂၀၁၉ ခုနှစ်မှာ ကျင်းပခဲ့တဲ့ ပြီးခဲ့တဲ့ အာရှကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာပြပွဲမှာ စစ်ရာဇဝတ်ကောင်မင်းအောင်လှိုင်က မြန်မာစစ်တပ်ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်တက်ရောက်ခဲ့ပြီး၊ အကြမ်းဖက်မြန်မာစစ်တပ်ရဲ့ ကာကွယ်ရေး ပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံးက ပြပွဲရုံးခန်းနဲ့ ပြသခဲ့ပါတယ်။

ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာပြပွဲအတွက် အခြားဖိတ်ကြားထားသူတွေကတော့ ဩစတြေးလျ၊ ကနေဒါ၊ ချက်သမ္မတနိုင်ငံ၊ ပြင်သစ်၊ ဂျာမနီ၊ ဂျပန်၊ ပိုလန်၊ တောင်ကိုရီးယားနဲ့ စပိန်နိုင်ငံတို့ ပါဝင်ပြီး၊ အဲ့ဒီနိုင်ငံအားလုံးတို့က အကြမ်းဖက်မြန်မာစစ်တပ်အပေါ် စစ်လက်နက်ရောင်းချမှုပိတ်ပင်ရေး ပြဌာန်းချက်တွေ ရှိထားကြတာပါ။ အမေရိကန် ပြည်ထောင်စုက “မိတ်ဖက်စင်မြင့်” တစ်ခုကို ရရှိထားပါတယ်။

အကြမ်းဖက်မြန်မာစစ်တပ်ကို စစ်လက်နက်တွေနဲ့ စစ်ဘက်-အရပ်ဘက်နှစ်မျိုးသုံးပစ္စည်းတွေ ရောင်းချထားတဲ့ မှတ်တမ်းတွေရှိတဲ့ ပြပွဲခင်းကျင်းရောင်းချသူတွေထဲမှာ CETC၊ Elbit Systems၊ NORINCO နဲ့ Thales ကုမ္ပဏီတို့လည်း ပါဝင်ပါတယ်။

အဲ့ဒီအခမ်းအနားကို စီစဉ်ကျင်းပသူ GML (Thailand) ကုမ္ပဏီဟာ တရုတ်နိုင်ငံမှာ မှတ်ပုံတင်ထားတဲ့ ဖက်စပ်ကုမ္ပဏီတစ်ခုဖြစ်ပြီး၊ လန်ဒန်စတော့အိတ်ချိန်းစာရင်းဝင် ယူကေကော်ပိုရေးရှင်း Informa က ၄၉ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားကြောင်း သူတို့ရဲ့ပြီးခဲ့တဲ့နှစ်အစီရင်ခံစာအရ သိရပါတယ်။

မြန်မာစစ်ကောင်စီတက်ရောက်မှုအပါအဝင် ဒီ ၂၀၂၂ ပြပွဲမှာ ခင်းကျင်းပြသမယ့်အကြောင်းအရာတွေနဲ့ ပတ်သက်ပြီး Justice For Myanmar ရဲ့မေးမြန်းမှုကိုတော့ Informa က ပြန်လည်ဖြေကြားထားတာ မရှိပါဘူး။

Informa ကုမ္ပဏီဟာ ပညာရပ်ဆိုင်ရာစာပေထုတ်ဝေရေးလုပ်ငန်းကြီး Taylor & Francis Group နဲ့ သူရဲ့ကုမ္ပဏီခွဲ Routledge တို့ရဲ့မိခင်ကုမ္ပဏီ ဖြစ်ပါတယ်။

Informa ကုမ္ပဏီဟာ ဟောင်ကောင်အခြေစိုက်ပြပွဲစီးပွားရေးလုပ်ငန်း UBM ကုမ္ပဏီကို ၂၀၁၈ ခုနှစ်၊ ဇွန်လမှာ ရယူခဲ့ပြီး၊ သူတို့ကို GML မှာ ရှယ်ယာပိုင်ဆိုင်မှုတစ်ရပ် ပေးအပ်လိုက်ပါတယ်။

စစ်ကောင်စီကိုယ်စားလှယ်တွေ တက်ရောက်နိုင်ခြေအန္တရာယ်ရှိတဲ့ Informa ကုမ္ပဏီရဲ့ နောက်ထပ်ကျင်းပမယ့် အခမ်းအနားကတော့ စောင့်ကြည့်ထောက်လှမ်းရေးနည်းပညာတွေ ခင်းကျင်းပြသဖို့ နယူးဒေလီမြို့တော်မှာ ဒီဇင်ဘာ ၁ ရက်နေ့ကနေ ၃ ရက်နေ့အထိ ကျင်းပမယ့် လုံခြုံရေးဆိုင်ရာအရောင်းပြပွဲတစ်ခုဖြစ်တဲ့ IFSEC India ဖြစ်ပါတယ်။ IFSEC India ပြပွဲမိတ်ဖက် Hikvision ကုမ္ပဏီက မြန်မာစစ်ကောင်စီဆီ စီစီတီဗွီစက်ပစ္စည်းတွေ တင်ပို့ထားခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်မှာ မြန်မာနိုင်ငံရဲချုပ်က Informa ကပဲ ဦးစီးကျင်းပခဲ့တဲ့ အရှေ့တောင်အာရှရှိ IFSEC အခမ်းအနားတစ်ခုမှာ အထူးဧည့်သည်တော်တစ်ဦး အဖြစ် တက်ရောက်ခဲ့ပါတယ်။

ဒီဇင်ဘာ ၇ ရက်နေ့မှ ၁၀ ရက်နေ့မှာ Informa ကုမ္ပဏီက ရှန်ဟိုင်းမြို့မှာ ကျင်းပမယ့် ပြပွဲအခမ်းအနား Marintec ကို ပူးတွဲကျင်းပမှာဖြစ်ပြီး၊ ယင်းပြပွဲကို တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရဲ့စစ်လက်နက်တပ်ဆင်ရေးဌာနက ပံ့ပိုးကူညီမှာဖြစ်တဲ့အပြင်၊ နိုင်ငံပိုင်ရေတပ်သင်္ဘောတည်ဆောက်ရေးကုမ္ပဏီ China State Shipbuilding Corporation Limited ပူးတွဲစပွန်စာပေးသွားမှာဖြစ်ပါတယ်။ China State Shipbuilding Corporation Limited က မြန်မာ့ရေတပ်အတွက် ပစ္စည်းတင်သွင်းသူကုမ္ပဏီဖြစ်ကြောင်း လျှို့ဝှက်ပေါက်ကြားလာတဲ့ ပစ္စည်းဝယ်ယူရေးဆိုင်ရာ စာရွက်စာတမ်းတွေအရ သိရပါတယ်။

**Justice For Myanmar ရဲ့ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** "မြန်မာပြည်သူလူထုအပေါ် အကြမ်းဖက်မှုတွေ ကျူးလွန်ဖို့ စစ်အုပ်စုအတွက် စစ်လက်နက်နဲ့ပစ္စည်းဝယ်ယူရေးကို ပံ့ပိုးကူညီတဲ့ Informa ရဲ့ စစ်လက်နက် အရောင်းပြပွဲတွေမှာ ပါဝင်ပတ်သက်မှုအပေါ် ကျွန်မတို့ ရှုတ်ချပါတယ်။

“Informa အနေနဲ့ ၂၀၂၂ ကာကွယ်ရေးနဲ့ လုံခြုံရေးပြပွဲနဲ့ နောင်ကျင်းပမယ့် အခမ်းအနားအားလုံးကနေ မြန်မာစစ်ကောင်စီနဲ့ သူရဲမိတ်ဖက်တွေကို တားမြစ်ပိတ်ပင်ဖို့ မဖြစ်မနေလုပ်ဆောင်ရမှာဖြစ်ပြီး၊ ရိုဟင်ဂျာလူမျိုးတွေအပေါ် မြန်မာစစ်တပ်ရဲ့ လူမျိုးတုန်းစစ်ဆင်ရေးကျူးလွန်ပြီးနောက် နှစ်နှစ်အကြာ ၂၀၁၉ ကာကွယ်ရေးနဲ့ လုံခြုံရေးပြပွဲမှာ မင်းအောင်လှိုင်ကို ပါဝင်တက်ရောက်ခွင့်၊ ပြပွဲမှာ ခင်းကျင်းပြသခွင့် ဘာကြောင့် ပေးခဲ့သလဲဆိုတာ ရှင်းပြဖို့ လိုအပ်ပါတယ်။

“ပြည်တွင်းထုတ်စစ်လက်နက်တွေကို ခင်းကျင်းပြသရောင်းချခွင့် ပေးတဲ့အတွက် Informa ကုမ္ပဏီက မြန်မာစစ်တပ်ကို ပို့ကုန်ဈေးကွက်ရှာဖွေရာမှာ ကူညီပေးခဲ့ပါတယ်။ ဒီလိုပို့ကုန်ဈေးကွက်ရရှိမှုက သူတို့ရဲ့နိုင်ငံတကာ ရာဇဝတ်မှုတွေကို ငွေကြေးထောက်ပံ့ဖို့နဲ့ စစ်ရာဇဝတ်ကောင်တွေကို ကြွယ်ဝချမ်းသာစေဖို့ အခွန်ငွေတွေ ပေးနေနိုင်တာပါ။

“၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်နေ့ စစ်တပ်ရဲ့ တရားမဝင်အာဏာသိမ်းကြိုးပမ်းပြီးနောက်ပိုင်း စစ်ကောင်စီက အကြမ်းဖက်စစ်ဆင်ရေးတစ်ရပ်ကို ဆင်နွှဲခဲ့ပါတယ်။ ပြည်သူပေါင်း ၂၂၀၀ ကျော်ကို သတ်ဖြတ်တာတွေ၊ ပြည်သူ ၁၅၀၀၀ ကျော်ကို ဖမ်းဆီးတာတွေ၊ အကြီးအကျယ်ရက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက်တာတွေ၊ အဆင်ခြင်မဲ့ လေကြောင်းတိုက်ခိုက်တာနဲ့ ဗုံးကြဲတိုက်ခိုက်တာတွေ၊ လူအစုအပြုံလိုက် ရွှေ့ပြောင်းစေတာတွေ ပါဝင်ပါတယ်။

“ဘဏ္ဍာငွေနဲ့ စစ်လက်နက်ဆက်လက်စီးဆင်းနေတာကြောင့် အကြမ်းဖက်စစ်အုပ်စုက ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုတွေကို ဆက်လက်ကျူးလွန်ခွင့်ရနေတာပါ။ ဒါတွေကို မဖြစ်မနေ ဖြတ်တောက်ပစ်ရပါမယ်။

“Taylor & Francis ကတဆင့် သုတေသနတွေ ထုတ်ဝေကြတဲ့ ပညာရှင်တွေအနေနဲ့ Informa ကုမ္ပဏီကို သူတို့ရဲ့ အခမ်းအနားအားလုံးကနေ စစ်ကောင်စီကို ပိတ်ပင်ပေးဖို့အတွက် ဖိအားပေးဖို့ ကျွန်မတို့ တိုက်တွန်းပါတယ်။

“အာဆီယံအနေနဲ့ ၂၀၂၂ ကာကွယ်ရေးနှင့် လုံခြုံရေးပြပွဲအပါအဝင် အခမ်းအနားတွေ၊ အစည်းအဝေးတွေနဲ့ ပူးပေါင်းလုပ်ရှားဆောင်ရွက်မှုတွေအားလုံးကနေ အကြမ်းဖက်စစ်အုပ်စုကို ချက်ချင်းဖယ်ထုတ်ရမှာ ဖြစ်ပြီး အမျိုးသားညီညွတ်ရေးအစိုးရကို မြန်မာနိုင်ငံရဲ့ တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြု ထိတွေ့ဆက်ဆံဖို့ ကျွန်မတို့ တောင်းဆိုပါတယ်။” လို့ ပြောကြားခဲ့ပါတယ်။

## ပိုမိုသိရှိရန်

အာဆီယံ၏ မြန်မာစစ်တပ်နှင့် ကြံရာပါပတ်သက်မှုအကြောင်း ကျွန်ုပ်တို့၏ စုံစမ်းရေးသားမှုကို ယခုနေရာတွင် ဖတ်ရှုပါ။

Justice For Myanmar သည် မြန်မာပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိစေရန်၊ စစ်တပ်စီးပွားရေးများ အဆုံးသတ်ရန် တောင်းဆိုနေပြီး ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးအတွက် စည်းရုံးလှုံ့ဆော်နေသော အမည်မဖော်ပြသည့် တက်ကြွလှုပ်ရှားသူများ အစုအဖွဲ့ဖြစ်သည်။

**Justice For Myanmar** | media@justiceformyanmar.org
https://www.justiceformyanmar.org/ | Mirror: https://justiceformyanmar.github.io/justiceformyanmar.org/
https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/